**အသိပေးကြေညာခြင်း**

၁။ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ (၇/၂၀၂၄) တွင် ဖော်ပြထားသည့် ကုန်စည်အုပ်စု(၅)မျိုး အနက် ကုန်စည်အုပ်စု(၄)မျိုး၊ HS Code 10 Digit ကုန်စည်လိုင်း(၆၈၅)လိုင်းအား အကောက်ခွန်ကုန်လှောင်ရုံတွင် ထည့်သွင်းသိုလှောင်ခွင့်ပြုရန် လျှောက်ထားလာပါက ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်၍လည်းကောင်း၊ CMP စနစ်ဖြင့် တင်သွင်းသည့် ကုန်ကြမ်းပစ္စည်း၊ စက်ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအား အကောက်ခွန်ကုန်လှောင်ရုံတွင် ထည့်သွင်းသိုလှောင်ခွင့်ပြုရန် လျှောက်ထားလာပါက ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှ စတင်၍လည်းကောင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနမှ အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှ စတင်၍ အကောက်ခွန်ကုန်လှောင်ရုံတွင် ထည့်သွင်းသိုလှောင်ခွင့်ပြုသည့် CMP စနစ်ဖြင့် တင်သွင်းသည့် ကုန်ကြမ်းပစ္စည်း၊ စက်ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအား ကုန်လှောင်ရုံထည်သွင်းခွင့် လျှောက်ထားလာပါက ကုန်လှောင်ရုံ ထည်သွင်းခွင့်လျှောက်ထားသည့် ကုမ္ပဏီများသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ခွင့်ပြုချက်ရရှိပြီး CMP လုပ်ငန်းဆောင်ရွက်ခွင့်ရ ကုမ္ပဏီများဖြစ်ရမည့်အပြင် CMP စနစ်ဖြင့် တင်သွင်းသည့် ကုန်ကြမ်းပစ္စည်းအလိုက် သက်ဆိုင်ရာ CMP အသင်းများ၏ အကောက်ခွန်ကုန်လှောင်ရုံ ထည့်သွင်းခွင့်အတွက် ထောက်ခံချက် တင်ပြရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**